ပရင့်စတန် X: MGWx ခက်ခဲသောဒေသများတွင် အစိုးရလုပ်ငန်းများ လုပ်ကိုင်ခြင်း သင်ခန်းစာများ

## ခေါင်းစဉ် 0: စတင်ခြင်း

## အပလေချီယန်တောင်တန်း သင်ခန်းစာ

သင်ခန်းစာ အနှစ်ချုပ် ៖ သင်နှစ်သက်သော လူသားအကျိုးပြုဆောင်ရွက်ခဲ့သည့် စီမံကိန်းတစ်ခု၊ ပရိုဂရမ်တစ်ခု၊ လူတစ်ယောက်အကြောင်းကို ဆွေးနွေးပွဲ စကားဝိုင်းတွင် ပို့စ်တင်ပါ။

အပလေချီယန်တောင်တန်းများသည် အမေရိကန်ပြည်ထောင်စုအရှေ့ပိုင်းတွင် မြောက်မှတောင်သို့ တည်ရှိနေသည်။ ထိုဒေသတွင်ရှိသော ဒေသခံများသည် သမိုင်းကြောင်းအရ တိုင်းပြည်အတွင်း အလုပ်လက်မဲ့နှုန်းအမြင့်ဆုံး၊ ဂင်ငွေအနိမ့်ဆုံးနှင့် ကျန်းမာရေးရလဒ်များ အညံ့ဖျင်းဆုံးဖြစ်သည်။ နေထိုင်သူ သုံးယောက်တွင် တစ်ယောက်သည် ဆင်းရဲနွမ်းပါးစွာ နေထိုင်ကြသည်။ ကျောက်မီးသွေးမိုင်းများသည် အနည်းငယ်သော စက်မှုလုပ်ငန်းများတွင် ပါဂင်ပြီး လုပ်သားအများစုသည်လည်း ကျောက်မီးသွေးနှင့် ဆက်စပ်သော အဆုတ်ရောဂါများ ခံစားကြရသည်။ ထိုအခြေအနေကို ပြုပြင်ရန်မှာ ခက်ခဲနေပြီး အကြောင်းတစ်ခုမှာ အမေရိကန်ပြည်ထောင်စုတွင် ဖဒရယ်စနစ်ကျင့်သုံးပြီး ထိုဒေသတွင် ပြည်နယ် ၁၃ခုပါဂင်နေသောကြောင့်ဖြစ်သည်။ ၁၉ ၆၀ အလယ်ပိုင်းနှစ်များတွင် မူဂါဒချမှတ်သူများနှင့် နိုင်ငံရေးသမားများသည် နောက်ဆုံးတွင် လုပ်ငန်းစတင်ရန် သဘောတူခဲ့ကြသည်။ ဒေသဆိုင်ရာ၊ ပြည်နယ်နှင့်ဖဒရယ်ဆိုင်ရာ တရားစီရင်ရေးအခြေအနေကို ပြုပြင်ရန် စတင်ခဲ့ကြသည်။ အပလေချီယန်ဒေသလုံးဆိုင်ရာ ကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သည်။ အစောပိုင်းနှစ်များတွင် ကော်မရှင်သည် လူအများ လုပ်ငန်းခွင်များသို့ အလွယ်တကူသွားနိုင်ရန် လမ်းများကို ဖောက်လုပ်ခဲ့သည်။ သက်မွေးဂမ်းကျောင်းပညာရေးကိုလည်း စတင်မိတ်ဆက်ခဲ့သည်။ ကျန်းမာရေး အဆင့်မြင့်ရန် နည်းလမ်းများ ချမှတ်ခဲ့ပြီး ကျောက်မီးသွေးလုပ်ငန်းတွင် အလေ့အကျင့်များပြောင်းရန်နှင့် မိုဘိုင်းကျန်းမာရေး ဂန်ဆောင်မှုများ စတင်ခဲ့သည်။ အချို့လူများသည် တုန့်ပြန်မှု ပုံစံအသစ်အတွက် အချိန်ကျရောက်နေပြီဟုထင်သော်လည်း ကော်မရှင်သည် ပူးပေါင်းဆောင်ရွက်ခြင်း၊ သင်ယူလေ့လာခြင်းနှင့် လိုက်လျောညီထွေဆောင်ရွက်ခြင်းဖြင့် ခက်ခဲသောဒေသရှိပြည်သူများ၏ ဘဂနေထိုင်မှု အရည်အသွေးမြင့်တက်လာစေရန် ဆောင်ရွက်ခဲ့သည်။

သင်ပြုလုပ်ရမည့် သင်ခန်းစာမှာ သင်ထင်မြင်သည့် သင်၏ နိုင်ငံ သို့မဟုတ် ဒေသတွင် လူသားအကျိုးပြု ဆောင်ရွက်ခဲ့သော ပရောဂျက်တစ်ခု၊ ပရိုဂရမ်တစ်ခု၊ လူတစ်ယောက်အကြောင်းကို ပြောပါ။ ပုံရိပ် တစ်ခု၊ ဓာတ်ပုံတစ်ပုံ၊ မြေပုံတစ်ခု၊ ကာတွန်းတစ်ခု၊ ပန်းချီပုံ သရုပ်ဖော်ပုံ ရေးဆွဲပါ။ ထိုရုပ်ပုံကို ကျွန်ုပ်တို့ အားလုံးကြည့်နိုင်ရန် ပို့စ်တင်ပါ။ ကျွန်တော်အထက်တွင် ပြုလုပ်ခဲ့သည့်အတိုင်း ထိုပုဂ္ဂိုလ်၊ ပရောဂျက်၊ ပရိုဂရမ်သည် ပြဿနာဖြေရှင်းရာတွင် မည်သို့အပြောင်းအလဲများ ပြုလုပ်ခဲ့သနည်း။ သို့မဟုတ် အခြေအနေကောင်းအောင် မည်သို့ ပြုလုပ်သနည်း စသည်တို့ကို စာပိုဒ်တစ်ပိုဒ်ရေးပါ။

အသေးစိတ် ညွှန်ကြားချက်များ ။ ။ သင်သည် မိမိကိုယ်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်နေသူအဖြစ်သတ်မှတ်ပြီး ပြည်သူစောင့်ကြည့်ရေး citizen monitoring သည် အဆိုပါ ရည်ရွယ်ချက်ကို ပံ့ပိုးပေးရန် ဆုံးဖြတ်ပါ။ သင်၏ ရပ်ရွာပတ်ဂန်းကျင်နှင့် ကိုယ်တွေ့ အတွေ့အကြုံများပေါ် အခြေခံပြီး စဉ်းစားနိုင်ပါသည်။

သင်သိသည့် လူသားအကျိုးပြုဆောင်ရွက်ခဲ့သော စီမံကိန်းတစ်ခု၊ ပရိုဂရမ် တစ်ခု၊ လူတစ်ယောက်အကြောင်းကို အနှစ်ချုပ် စာတစ်ပိုဒ်ရေးပါ။ ဖြစ်နိုင်လျှင် ပုံတစ်ပုံ (ဓာတ်ပုံ၊ မြေပုံ၊ ကာတွန်း၊ ပန်းချီ၊ သရုပ်ဖော်) ပုံတစ်ပုံ ပိုစ့်တင်ပါ။